မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အန်တိုနီယို ဂွီယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အန်တိုနီယို ဂွီယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘီဒီဂေးလ်ဘတ် ကိုရီ သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဘီဒီဂေးလ်ဘတ် ကိုရီ အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

5-7 (01).pmd 1 7/5/2011, 2:10 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၅ ရက်)

ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး အလေးထားဆောင်ရွက်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းသည် အခြေခံအကျဆုံး လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျောင်းသား၊ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရမည် ဖြစ်သည်။

၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျောင်းကျန်းမာရေးလုပ်ငန်းများ တိုးတက်ရန် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းဖြင့် အကျိုးများစေသည့် အလွန်ကောင်းမွန်သည့် အစီအစဉ်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ကျောင်းကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အဖွဲ့အစည်းအားလုံးမှ တူညီသော ရည်မှန်းချက်လုပ်နည်း လုပ်ဟန်တို့ဖြင့် ပါဝင်ဆောင်ရွက်ကြပြီး ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်းများ ထူထောင်ကြရန်ဖြစ်ကြောင်း စတင်လှုံ့ဆော်ခဲ့သည်။

ကျောင်းကျန်းမာရေး အဆင့်မြှင့် ကျောင်းထူထောင်ရေးလုပ်ငန်းသည် မိမိကျောင်းနှင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အမြဲတိုးတက်မြင့်မားစေရန် ဆောင်ရွက်သော လုပ်ငန်းဖြစ်သည်။

ကျောင်းဖွင့်ချိန်မှစ၍ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန် ကျောင်း၊ စာသင်ခန်း၊ ကျောင်းဝန်းကျင်တို့သည် သန့်ရှင်းလှပစိုပြည်နေခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ စိတ်ကို လန်းဆန်းတက်ကြွစေနိုင်မည်ဖြစ်သည်။ အစားအစာသန့်၊ လက်သန့်၊ ရေသန့်၊ အိမ်သာသန့် စသည်ဖြင့် သန့်လေးသန့်နှင့် ပြည့်စုံနေခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ် ပြည့်စုံမည်ဖြစ်သည်။

ကလေးသူငယ်များသည် အသက်ငါးနှစ်အရွယ်မှစပြီး ကျောင်းပညာများကို စတင်သင်ကြားကြရသဖြင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးသည် အရေးကြီးလျက်ရှိသည်။ ကလေးသူငယ်များ ကျန်းမာရေးအတွက် ငယ်စဉ်အချိန်မှအစပြုပြီး ဂရုတစိုက် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

ယနေ့ ကျောင်းသားလူငယ်လေးများသည် အနာဂတ်၏ မျိုးဆက်သစ်လေးများဖြစ်ရာ ငယ်စဉ်အချိန်မှအစပြုကာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်နေပါမှ နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမီလိုက်နိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးများ၏ ကျန်းမာရေးကောင်းမွန်ရန် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးကို မိဘ၊ ဆရာ ပူးပေါင်း၍ အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူလတန်းလွန်ကျောင်းဖွင့်ပွဲ ချောက်မြို့နယ်၌ ကျင်းပ

ချောက် ဇူလိုင် ၄

ချောက်မြို့နယ် ကွဲ့တပ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဖွင့်ပွဲကို ဇွန် ၂၅ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ မြို့နယ်ပညာရေးမှူးဒေါ်သန်းသန်းဦးနှင့် တာဝန်ရှိသူများက ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

အဆိုပါကျောင်းတွင် ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်မည်ဖြစ်ရာ အလှူရှင် ကွဲ့တပ်ကျေးရွာနေ ဦးစောလင်း -ဒေါ်အုန်းမြတို့က အလှူငွေကျပ်သိန်း ၂၀ ပေးအပ်သဖြင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဦးက လက်ခံယူသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အမြင့် ၁၁ ပေရှိ သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်၍ ငွေကျပ်သိန်း ၆၀ခန့် ကုန်ကျမည်ဖြစ်ရာ မတည်အလှူရှင်အပြင် အခြားစေတနာအလှူရှင်များ စုပေါင်း ထည့်ဝင်ငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အာဆီယံစစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၄

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်မြို့တွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြို အာဆီယံစစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာစစ်တုရင် အားကစားအဖွဲ့သည် ဇူလိုင် ၁ ရက် ည ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သိရှိရသည်။

မြန်မာစစ်တုရင် အားကစားအဖွဲ့တွင် အောင်မျိုးလှိုင်(မြန်မာနိုင်ငံရဲတပ်ဖွဲ့)နှင့် စည်သူ(လယ်ယာ/ဆည်မြောင်း)တို့ပါဝင်ကြသည်။ အာဆီယံစစ်တုရင်ကစားနည်းကို (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရွှေပင်လုံအိမ်ရာ တိုက်(GV-9)နေ ဦးလှဌေး နှစ်(၆၀)ပြည့်မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့် လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဟောပြော

ဂန့်ဂေါ ဇူလိုင် ၄

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း ပုညာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့်သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝေက ဖတ်ကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်**(အပေါ်ပုံ)**၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်တို့နှင့်တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲတွင် ဆုရသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိသည်။ **(၁၀၁)**

တစ်အိမ်ထောင် သစ်မာ ၂၀ မိုးမောက်၌စိုက်ပျိုး

မိုးမောက် ဇူလိုင် ၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် နွယ်လန်းကျေးရွာတွင် ဇွန် ၁၄ ရက်က တစ်အိမ်ထောင် သစ်မာ ၂၀ စိုက်ပျိုးပွဲကျင်းပရာ အခမ်းအနားတွင် သစ်တောဦးစီးဌာန မိုးမောက်မြို့နယ် ဒေါ်ဖုန်းယန်တိုက်နယ် တာဝန်ခံတောအုပ် ဦးမုန်ချိုက မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် တစ်အိမ်ထောင်သစ်မာ ၂၀ စိုက်ပျိုးခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး နွယ်လန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးနော်ဆိုင်းအား အိမ်ထောင်စု ၄၅ စုအတွက် ပျဉ်းကတိုး ၅၆၀ နှင့် ယူကလစ် ၅၆၀ စုစုပေါင်း ၁၁၂၀ ကို ပေးအပ်ခဲ့ကာ အိမ်ထောင်စုအလိုက် သစ်မာပင်များ စိုက်ပျိုးကြသည်။

စိုက်ပျိုးမည်

မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၁ခုနှစ် မိုးရာသီတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ မဲဇလီ၊ ယူကလစ်စသည့်အပင်ပေါင်း ၂၂၂၀၀ ကို ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြေအောက်မြောင်းဖောက်

မြောင်းမြမြို့နယ်ဘုရားချောင်း ရပ်ကွက် နီဗွာန်လမ်း မြေအောက်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၅ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ဟင်္သာတ၌ ဆောင်ရွက်

ဟင်္သာတ ဇူလိုင် ၄

ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းတွင် ဇွန် ၂၅ ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးဆောင်သောအဖွဲ့ ခြင်ဆေးဖျန်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပါကစ္စတန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကာဇီအမ် ခါလီလူလားသည် ယနေ့ မွန်းလွဲ၁၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာ ကာဇီအမ်ခါလီလူလား အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် လယ်ဝေးမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးသိန်းညွန့်သည် ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ဖောင်တော်ချက်မစေတီတော်သို့ ရောက်ရှိပြီး စေတီတော်ရှိ မင်္ဂလာကန်တော် ပြန်လည်မွမ်းမံရေးအတွက် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး လိုအပ်သည်များ မှာကြားကာ မင်္ဂလာကန်တော်ကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်

ထို့မှတစ်ဆင့် နေပြည်တော် လေဆိပ်အဝင်လမ်းကို ကတ္တရာခင်းစက်ဖြင့် နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။ **(အောက်ပုံ)** နေပြည်တော်လေဆိပ် အဝင်လမ်းသည် လမ်းအရှည် ၁မိုင် ၆ ဖာလုံရှိ ကွန်ကရစ် လမ်းဖြစ်ပြီး နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် ငွေတောက်ရိုးအင်းသို့ ရောက်ရှိပြီး ငွေတောက်ရိုးအင်းအား ပုဂ္ဂလိကငါးမွေးမြူရေးအတွက် ကန်များတူးဖော် ဆောင်ရွက်နိုင်ရေး၊ လယ်စိုက်ဧရိယာကို အဆင့်မြင့်လယ်မြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်နိုင်ရန် မှာကြားသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် သမိုင်းဝင်ရန်အောင်မြင်ဘုရား အရှေ့ဘက်ရှိ ရန်အောင်မြင်အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက တစ်ဧက စံကွက် ၄၀ ရှိသော အဆင့်မြင့်လယ်ယာမြေ ဧက ၄၀ ဖော်ထုတ်ရေးလုပ်ငန်းဆောင်ရွက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာ လုပ်ကိုင်ခွင့်ပြုမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းကို စိုက်ပျိုးရာသီအမီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် အဆင့်မြင့် လယ်ယာမြေတွင် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိကြသည့် တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၂၅	၉။	အတီးပြိုင်ပွဲ
၈:၃၅	၁၀။	**ချစ်လွန်းလို့**
၈:၄၀	၁၁။	**International News**
၈:၄၅	၁၂။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	**ငါးရစ်မျိုးငါး တို့မစား**
၄:၃၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၆။	ကြေးမုံရိပ်သွင်တေးနယ်ညီ
၅:၁၀	၇။	**အရည်အသွေးမီထုတ်လုပ်ထား ကြွေရည်စိမ်ပစ္စည်းများ**
၅:၂၅	၈။	**မိုးဒေဝါနှင့် မိုးဒေဝါကို ဖန်တီးကြသူများ** (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)
၅:၄၅	၉။	ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၁၃။	ဆိုလိုက်ကြစို့
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၆)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**ရယ်စရာဟာသများ**
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၂)

သုံးခွမြို့နယ်ရှိ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် အပေါ်ထပ်မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်း၊ အပေါ်ထပ်ခန်းမကြီး ဝင်ပေါက်တံခါး တပ်ဆင်ခြင်းလုပ်ငန်း၊ အဝင်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်းနှင့် အောက်ထပ်ရေဆင်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဇူလိုင် ၃ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ထမ်းများ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းမှာ သင်တန်းကာလ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိသုကာအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၀၉/၂၀၁၁)ကို ဇူလိုင် ၉ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) တတိယထပ် Function Hall တွင် ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် Identifying Design Conflicts of HVAC System Works on Construction Projects ခေါင်းစဉ်ဖြင့် ဦးထိပ်တင်ထွဋ် (Peace Myanmar Electric)က ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး ဖုန်း-၀၉-၇၃၁-၅၄၄၆၀၊ ၀၁-၅၁၉၆၇၃~၇၆ (လိုင်းခွဲ-၁၁၉)တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (ဗိသုကာအသင်း)

ဇူလိုင် ၄ရက်က ရန်ကုန်မြို့ အမေရိကန်သံရုံးအကြီးအကဲ နေအိမ်၌ ကျင်းပသော (၂၃၅)ကြိမ်မြောက် အမေရိကန်ပြည်ထောင်စုလွတ်လပ်ရေးနေ့ ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဟိုတယ်များ ဧည့်ဝတ်ကျေပွန်စေရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းသည် ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Junction Hotel သို့ သွားရောက်၍ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ လာရောက်ကြသော ပြည်ပရတနာကုန်သည်များ တည်းခိုနေထိုင်မှု အဆင်ပြေစေရေးအတွက် ကြည့်ရှုစစ်ဆေးမှာကြားသည်။

စီစဉ်ဆောင်ရွက်ပေး

အဆိုပါ Junction Hotel တွင် ပြည်ပရတနာကုန်သည် ၆၂ ဦး တည်းခိုလျက်ရှိပြီး ဇူလိုင် ၂ ရက်အထိ နေပြည်တော်ဟိုတယ် ၂၅ လုံးရှိ အိပ်ခန်းပေါင်း ၁၆၃၃ ခန်း၌ ပြည်ပရတနာကုန်သည် ၃၉၃၀ တည်းခိုနေထိုင်လျက်ရှိကြောင်း၊ ဧည့်သည်အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ပြီး ဂျပန်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံသားများလည်း ပါဝင်ကြောင်းနှင့် ၎င်းတို့အတွက် တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးတို့တွင် အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် အလုံသင်္ဘောကျင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေယာဉ်အဟောင်းများကို အစားထိုးလဲလှယ်သွားရန်လိုအပ်
ခေတ်အဆက်ဆက် နိုင်ငံ့တာဝန်ကို ဆက်လက်တာဝန်ယူထမ်းဆောင်

နေပြည်တော် ဇူလိုင် ၄

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနသည် ၁၈၆၅ ခုနှစ်မှစ၍ သန္ဓေတည်အစပြုတည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၄၀ ကျော် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရီးသည်နှင့် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေသော ဌာနကြီးတစ်ခု ဖြစ်ကြောင်း၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအနေဖြင့် တစ်နှစ်လျှင် ခရီးသည် ၂၇ ဒသမ ၅၆ သန်းကျော်၊ တစ်လလျှင် ၂ ဒသမ ၃ သန်းခန့်နှင့် တစ်ရက်လျှင် ခရီးသည် ခုနစ်သောင်းကျော်ခန့် သယ်ဆောင်ပေးနေပြီး ကုန်တန်အနေဖြင့် တစ်နှစ်လျှင် ၄ ဒသမ ၇၉ သန်း၊ တစ်လလျှင် ၀ ဒသမ ၄၀ သန်းနှင့် တစ်ရက်လျှင် တစ်သောင်းကျော်ခန့် သယ်ဆောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော ဌာနကြီးတစ်ခုဖြစ်ကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ ရောက်ရှိစဉ် ဝန်ထမ်းများနှင့်တွေ့ဆုံရာ၌ ပြောကြားသည်။

အသုံးပြုတည်ဆောက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေယာဉ်နှင့် ခရီးသည် အန္တရာယ်ကင်းရှင်းရေးနှင့် စီးပွားရေး တွက်ခြေကိုက်စေရန် ဤနှစ်မှစ၍ ရေယာဉ်အဟောင်းများကို အစားထိုးလဲလှယ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ပေးရမည့် ခရီးသည်နှင့် ကုန်ပစ္စည်းတို့နှင့် ကိုက်ညီမှုရှိမည့် ရေယာဉ်များ၏ ဒီဇိုင်းပုံစံများကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့မှ ပညာရှင်များ၏ အကူအညီရယူပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အင်ဂျင်နီယာများက ရေးဆွဲတင်ပြကြရမည် ဖြစ်ကြောင်း၊ ရေယာဉ်အင်ဂျင်များကိုလည်း နည်းပညာမြင့်မားပြီး ဆီစားနှုန်း သက်သာသည့် အင်ဂျင်များ အသုံးပြုတည်ဆောက်ထားသော ရေယာဉ်များနှင့် အစားထိုးလဲလှယ်ပြေးဆွဲသွားကာ သမိုင်းအစဉ်အဆက်၊ ခေတ်အဆက်ဆက် နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ဤဌာနအနေဖြင့် ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုံသင်္ဘောကျင်းအတွင်း ရေယာဉ်များပြင်ဆင်တည်ဆောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းဆိပ်ကမ်း၌ ကူးတို့သင်္ဘောများ ပြေးဆွဲနေမှု၊ ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကိုလည်းကောင်း၊ ရန်ကုန်မြို့မှ မြောင်းမြ၊ မော်လမြိုင်ကျွန်းမြို့များသို့ ထွက်ခွာမည့် ရေယာဉ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

လိုက်ပါစီးနင်း

ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းသည် တစ်နေ့လျှင် ၄၈ ခေါက် ပြေးဆွဲလျက်ရှိပြီး တစ်နေ့လျှင် ခရီးသည် ၃၅၀၀၀ ခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လုံခြုံစိတ်ချရသော ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းဖြစ်ရေး မီးသတ်တပ်ဖွဲ့ဝင်တိုင်း စွမ်းဆောင်ရည်များမြှင့်တင်

နေပြည်တော် ဇူလိုင် ၄

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၂ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ ရောက်ရှိလာပြီး ကလေးပြုစုရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများသည် လေ့ကျင့်သင်ကြားရေးကျောင်းအဖြစ်သာမက စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များအားလုံးကို ကာကွယ်စောင့်ရှောက်ပေးပြီး ရပ်ရွာလူထုအတွက် နည်းပညာများ ဖြန့်ဝေပေးနိုင်သည့် ရပ်ရွာအခြေပြု အရင်းအမြစ်ဌာနများဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

မှာကြား

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၃ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဗဟိုမီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူလူထုအား အကူအညီပေးရန် မိမိတို့တွင် အမြဲတာဝန်ရှိသည်ဟူသော စိတ်ဓာတ်ထားရှိကြရမည်ဖြစ်ကြောင်း၊ ပိုမိုလုံခြုံစိတ်ချရသော ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ ဖြစ်လာရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်များကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးနားမကြားသော ကလေးများကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေး လူငယ်သင်တန်းကျောင်းနှင့် စစ်ကိုင်းမြို့ရှိ စစ်ကိုင်းမျက်မမြင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၁ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် ညနေ ၄ နာရီတွင် မကွေးတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီးတို့ တက်ရောက်ပါဝင်စိုက်ပျိုးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် **(ယာပုံ)**က ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအားလည်းကောင်း ပျိုးပင်များပေးအပ်ကြသည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရတနာတန်းဝင် ကျွန်းရွှေဝါပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ပိတောက်ပင်ကိုလည်းကောင်း စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ကျွန်း၊ တမာ၊ ယူကလစ်၊ စိန်ပန်းကြီး၊ မယ်ဇယ်၊ ဆီသပြေ၊ ရင်းမာ၊ ဖန်ခါး၊ အော်ရေးရှား စသည့် အရိပ်ရလေကာပင်နှင့် ပန်းအလှပင် ၂၀၀၀ ကို တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ယခုနှစ် မိုးရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်း သစ်ပင် ၁၆၁၃၄၈ ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ စိစစ်ရေးအဖွဲ့ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ စိစစ်ရေးအဖွဲ့၏ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးတင်ဖေ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးတင်ညို၊ ပါမောက္ခချုပ်(ငြိမ်း) ဦးကျော်မြင့်ဦး၊ ကျောင်းအုပ်ကြီး(ငြိမ်း) ဦးစိုင်းအောင်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဦးကြည်သန်းတို့ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ရပ်တွင် ကဏ္ဍအလိုက် အဆင့်မြှင့်တင်ရေးဆိုင်ရာ အကြံပြုချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးစောင့်ရှောက်မှု အသိပေးဆွေးနွေး

ကျိုင်းတုံ ဇူလိုင် ၄

သက်ကြီး ရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုအသိ ပေးဆွေးနွေးပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့ ပြည်နယ်ကျန်းမာ ရေးဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အောင်ကြည်ဆွေတို့က အမှာစကားပြောကြားကြပြီး သက်ကြီးရွယ်အိုကျန်းမာရေး စောင့် ရှောက်မှုစီမံချက် မန်နေဂျာပါမောက္ခ ဒေါက်တာဦးမြင့်ဟန်က ကျန်းမာရေးဆိုင်ရာများ အသိပေးဆွေးနွေးခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

မုဒ္ဒံမြို့နယ်အသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

မုဒ္ဒုံမြို့နယ်အသင်း (ရန်ကုန်)၏ (၁၃)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဝါဆိုလဆန်း ၁၀ ရက် (ဇူလိုင် ၁၀ရက်) (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၉)ရပ်ကွက် မြစပါယ်လမ်း(ပါရမီ-ရေကူး)ရှိ ဝိဇ္ဇောတာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဒုတိယဗိုလ်မှူးကြီး အေးကျော် (ငြိမ်း) ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ ဦးငွေစိုး ဖုန်း-၅၆၉၃၁၁၊ ဦးသန်းတင်အောင် ဖုန်း-၆၆၂၂၆၁၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄၊ ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဦးထွန်းထွန်းဦး ဖုန်း-၅၁၉၉၆၄၊ ဒေါ်ခင်လှသန်း ဖုန်း-၆၅၃၃၀၆၊ ဦးအောင်ချစ်သန်း ဖုန်း-၂၉-၆၀၂၄၊ ဦးမောင်မောင် ဖုန်း-၅၅၇၅၂၅၊ မုဒ္ဒုံမြို့ရှိ ဒေါက်တာမြင့်ဦး ဖုန်း-၀၅၇-၇၀၀၆၁၊ ဒေါက်တာသန်းဝင်း ဖုန်း-၀၅၇-၇၀၁၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မုဒ္ဒုံမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ရေးမြို့ မြို့ဝင်ဆိုင်းဘုတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းများကို ဇွန် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ထွဋ် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဧရာဝတီတိုင်းဒေသကြီး၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁ ရက် ညနေ ၃ နာရီက ပုသိမ်မြို့ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်စိုးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ စက်မှုဇုန်စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီရုံး၌ စက်မှုဇုန်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် စက်မှုဇုန်လုပ်ငန်းရှင်များအား တွေ့ဆုံကာ အမှာစကားပြောကြားပြီးနောက် စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၄-၇-၂၀၁၁

သစ်ပင်စိုက်ပျိုးပွဲ ကော့မှူးမြို့နယ်၌ ကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၇ နာရီက လက်ခိုက်ကျေးရွာ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးညီညီဝင်း **(အပေါ်ပုံ)**နှင့် သစ်တောဦးစီးမှူး ဦးဇော်ဇော်နိုင်တို့က ရတနာတန်းဝင်ကျွန်းနှင့် ပျဉ်းကတိုးပင်တို့ကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၅၀ တို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ မဟော်ဂနီ၊ စိန်ပန်း၊ ပျဉ်းမ၊ ယူကလစ်၊ အော်ရီးရှားနှင့်မန်ကျည်းရှား စုစုပေါင်းအပင် ၁၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၁ ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင် ကျွန်းသုံးပင်အပါအဝင် အရိပ်ရ လေကာပင် စုစုပေါင်း ၃၆၀၀၀ ခန့်ကို ပြည်သူအတွင်း ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သစ်တောဦးစီး)**

ဆီဆိုင်မြို့နယ် သစ်တောဦးစီးဌာနကကြီးမှူးကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ဂေါက်ကလပ်အနီး၌ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သစ်ပင်မျိုးစုံ ၁၅၀၀ ကျော်ကို စုပေါင်း စိုက်ပျိုးကြစဉ်။ (၀၅၅)

သစ်ပင်စိုက်ပျိုးပွဲတော် တောင်ငူ၌ကျင်းပ

တောင်ငူမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က တောင်ငူ နည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

ရှေးဦးစွာ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဇော်က ပျိုးပင်များကိုပေးအပ်ရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လက်ခံယူသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင် ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း ၅၀၀၊ ယူကလစ် ၄၀၀၊ မဟော်ဂနီ ၁၀၀၊ အောရီးရှား ၁၀၀၊ ပျဉ်းမ ၁၀၀၊ ရေတမာ ၃၀၊ ကံ့ကော်တစ်ပင်နှင့် ခရေသုံးပင် စုစုပေါင်း ၁၂၃၄ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သဲကုန်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက သဲကုန်းမြို့ သဲကုန်း-မင်းလှ ကျေးရွာလမ်း၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးသော်နိုင်ဦးက မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စား ဒုတိယဦးစီးမှူး ဦးစိုးလွင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများကို ပျိုးပင်များ ဖြန့်ဝေပေးသည်။ **(အောက်ပုံ)**

စုပေါင်းစိုက်ပျိုး

ထို့နောက် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ တမာပင် များ စုစုပေါင်း အပင် ၁၃၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရွှေဘို၌ ကျင်းပ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၇ နာရီက ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာ နိဗ္ဗာန်ဆိပ်ဦးဘုရားဝင်းအတွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်လွင်ထွန်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးသောင်းဦးတို့က သစ်ပင်စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှု အခြေအနေတို့ကို တက်ရောက်လာကြသူများအား ရှင်းလင်းဆွေးနွေးဟောပြောပြီး တမာ ၅၀၀၊ စိန်ပန်းကြီး ၃၀၀၊ ကုက္ကို ၅၀၀၊ ယင်းမာ ၂၀၀၊ မဲဇလီ ၁၀၀၊ ခရေ ၅၀၊ ကျွန်း ၅၀နှင့် စိန်ပန်းလေး ၁၅၀ စုစုပေါင်း အပင် ၁၈၅၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(၀၅၀)**

မြန်မာ့အလင်း သတင်းအတိုအထွာ

၄-၇-၂၀၁၁

မိုးစပါးပျိုးထောင်ခြင်း ရေတာရှည်၌ ပညာပေးဆွေးနွေး

ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအုပ်စု မိုးစပါးစံပြကွက်(၆၃၈)ကွင်း တောင်သူဦးကြည်ဝင်းလယ်၌ မိုးစပါးတစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရန် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်းပျိုးထောင်ခြင်းကို လက်တွေ့ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာပြီး မြို့နယ်မန်နေဂျာက စပါးတစ်ဧကတင်း ၁၀၀နှုန်းအထက်ထွက်ရန် လိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်ကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများက လက်တွေ့ပျိုးထောင်စိုက်ပျိုး ပြသခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်မြင့်က လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်၍ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (၁၁၁)

ငါးသယံဇာတထိန်းသိမ်းရေး မော်လမြိုင်ကျွန်း၌ အသိပညာပေး

လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးသယံဇာတပြန်းတီးမှုကို ကာကွယ်ထိန်းသိမ်းရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက် နံနက် ၁၁ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာ၌ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးက ငါးသယံဇာတပြန်းတီးစေသော ဘက်ထရီရှော့တိုက်ခြင်း၊ အဆိပ်ဆေးချ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန်နှင့် ရေလုပ်သားများက ငါးသယံဇာတထိန်းသိမ်းပြီး ငါးထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက်ကြရန် အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (၀၆၅)

ငှက်ဖျားရောဂါတိုက်ဖျက်ရေး အုတ်တွင်း၌ အသိပေးဆွေးနွေး

အုတ်တွင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၈ရက် နံနက် ၁၀နာရီက Global Fund အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများဆိုင်ရာ အသိပေးဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းက ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအကြောင်း အသိပေးဆွေးနွေးခဲ့ကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

ငွေစုငွေချေးအသင်း တောင်ဥက္ကလာပ၌ နှစ်ပတ်လည်စည်းဝေး

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်(၄၀)ပြည့် ပတ္တမြားရတု အခမ်းအနားနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၇ ရက်က အထက(၅) ကေသရာဇာခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးအောင်ရှိန်က အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။ (၀၀၄)

သစ်ပင်စိုက်ပျိုးပွဲတော် သီပေါ၌ ကျင်းပ

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇နာရီက သီပေါမြို့ အမှတ်(၆)အခြေခံပညာတွဲဖက်အလယ်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားအပြီး ပျိုးပင်များ ဖြန့်ဝေပေးကာ မြို့ပေါ် ၁၁ ရပ်ကွက်မှ ပြည်သူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာတစ်လျှောက်နှင့် ကျောင်းပတ်ဝန်းကျင်တို့တွင် အရိပ်ရပင်၊ လေကာပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (၀၇၂)

မရမ်းကုန်း ပညာရေးသမဝါယမ အစည်းအဝေးကျင်းပ

မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇွန် ၂၈ ရက် နံနက်က အထက(၄) မရမ်းကုန်း ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌက အသင်းသားများအတွက် အကျိုးအမြတ်ငွေကို အသင်းသားများကိုယ်စား မြို့နယ်ပညာရေးမှူးသို့ ပေးအပ်ပြီး ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်တာဝန် ပေးအပ်ကြသည်။ ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၀၁၅)

ဝန်ထမ်းများ နိုင်ငံတော်နှင့်ပြည်သူကို တာဝန်သိသိ၊ သစ္စာရှိရှိဆောင်ရွက်

ပြည်သူအပေါ် ကိုယ်ချင်းစာတရားထားကာ ယဉ်ကျေးပျူငှာစွာဆက်ဆံ

နေပြည်တော် ဇူလိုင် ၄

အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းခွင်သင်တန်း (၁/၂၀၁၁)ဆင်းပွဲကို ယနေ့ နံနက်၉နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်၍ အမှာစကား ပြောကြားသည်။

မှာကြား

ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအပါအဝင် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရသစ်၏ မူဝါဒများကို သိရှိနားလည်ပြီး မိမိဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန် (၃)ရပ်နှင့် ရည်မှန်းချက်တာဝန် (၉)ရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်ကြရန်၊ ပြည်သူနှင့်အမြဲထိတွေ့ ဆက်ဆံရသူများဖြစ်၍ ပြည်သူအပေါ် ကိုယ်ချင်းစာတရားထားကာ ယဉ်ကျေးပျူငှာစွာ ဆက်ဆံကြရန်နှင့် လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစွာဖြင့် လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ကြာမြင့်

အဆိုပါ လုပ်ငန်းခွင်သင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်း ၁၉ ဦး၊ အမှုထမ်း ၂၁ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းခွင်သင်တန်း (၁/၂၀၁၁)ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာဆီယံ လူမှုသစ်တောကွန်ရက် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာဆီယံလူမှုသစ်တောကွန်ရက်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာဆီယံ လူမှုသစ်တောကွန်ရက် (ASEAN Social Forestry Network- ASFN) ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြပြီး ကျေးလက်နေ ပြည်သူလူထု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရေးတို့ကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးတင်ထွန်းနှင့် ဒေါက်တာညီညီကျော်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၅-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မင်္ဂလာကဏ္ဍ
- ၄:၂၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၉။ လျှပ်တစ်ပြက်
- ၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်**(အပိုင်း -၁၆)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၅။ ဘောလုံးဟာသနှင့်ဂန္တဝင်ဂိုး (၅၀၀)
- ၆:၂၅ ၁၆။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်း ကြယ်တစ်စင်း** (အပိုင်း-၂၆)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဒို့တာဝန်အရေး(၃)ပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ မွေးမြူသုတ
- ၂၄။ ဟာသရုပ်စုံ
- ၂၅။ သီချင်းလက်ဆောင်
- ၂၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ**(အပိုင်း -၃၁)
- ၂၈။ **2011 FIFA WOMEN'S WORLD CUP (GERMANY) England Vs Japan (Live)**
- ၂၉။ သင့်အတွက် မနက်ဖြန်
- ၃၀။ **2011 FIFA WOMEN'S WORLD CUP (GERMANY) France Vs Germany (Live)**

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဆက်

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာဝယ်ယူကြ

နေပြည်တော် ဇူလိုင် ၄

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ထည့်သွင်း

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာရွေးချယ်ကြကာ တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြသည်။

ထို့အတူ နံနက်ပိုင်းတွင် ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ (၁၉)တွဲ ရောင်းရပြီး မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ ကျောက်မျက်အတွဲ (၁၉)တွဲ ရောင်းချရသည်။

ယနေ့ ညနေပိုင်းတွင် ကျောက်မျက်အတွဲ အထူးရောင်းချပွဲ ပြီးစီးသွားပြီဖြစ်ရာ စုစုပေါင်း ကျောက်မျက်အတွဲ (၃၈)တွဲ ရောင်းချရသည်။ ထို့နောက် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ကျောက်မျက်အများဆုံး ဝယ်ယူသူ ဆုရရှိသူ Ruby Dragon Company မှ ဦးမောင်မောင်နိုင်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ရောင်းချ

အလားတူ ယနေ့ နံနက်ပိုင်းတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများကို စတင်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း (၂၅၆၀) ရောင်းချရသည်။

အထူးရောင်းချပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ဝယ်ယူရန် တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီမှ တာဝန်ရှိသူများက လိုက်လံကြီးကြပ် ဆောင်ရွက်ပေးကြသည်။

ကြည့်ရှုလေ့လာ

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး သပြေကုန်းပွဲရုံတန်း၌ ခင်းကျင်းပြသလျက်ရှိသည့် မြန်မာ့ခရီးသွားနှင့် အစားအစာပြပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဟိုတယ်ဇုန်များမှ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများ၊ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာအဝတ်အထည်များနှင့် စပ်လျဉ်းသည့် ပြခန်းငယ်များ ခင်းကျင်းပြသလျက်ရှိရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များနှင့် စိတ်ပါဝင်စားကြသည့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ထို့အတူ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့မှ စားသောက်ဆိုင်ကြီးများ ပါဝင်ဖွင့်လှစ် ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်တန်း (Food Court) တွင် မြန်မာ့ရိုးရာ အစားအစာများအပြင် ရခိုင်ရိုးရာ၊ ရှမ်းရိုးရာနှင့် ကချင်ရိုးရာ အစားအစာများ၊ တရုတ်၊ မလေးရှားနှင့် ထိုင်းရိုးရာ အစားအစာများကို နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီအထိ ရောင်းချပေးလျက်ရှိရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ သာမက ဒေသခံပြည်သူများလည်း အလွယ်တကူ အဆင်ပြေစွာ ဝယ်ယူစားသောက်ကြသည်ကို တွေ့ရှိရသည်။

၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို အောင်မြင်စွာ ကျင်းပနိုင်စေရေးအတွက် ဆပ်ကော်မတီများအနေဖြင့် ကဏ္ဍအလိုက် တာဝန်များ ခွဲဝေသတ်မှတ်ကာ ပြပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်စေရေး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဓနုဖြူမြို့နယ်ရှိ တောင်သူများအား မိုးစပါးစိုက်ပျိုးရန် ငွေကြေးနှင့် သွင်းအားစု ပံ့ပိုးပေးအပ်

အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက်က တောင်သူများအား မိုးစပါးစိုက်ပျိုးရန် ငွေကြေးနှင့် သွင်းအားစု ပံ့ပိုးပေးအပ်ခြင်း၊ မြို့နယ်နှင့် ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အထောက်အကူပြု ဟောပြောပွဲ၊ ဂုဏ်ပြုပွဲနှင့် ကုသမှု၊ လှူဒါန်းမှု အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၄

ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက်က တောင်သူများအား မိုးစပါးစိုက်ပျိုးရန် ငွေကြေးနှင့် သွင်းအားစု ပံ့ပိုးပေးအပ်ခြင်း၊ မြို့နယ်နှင့် ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အထောက်အကူပြု ဟောပြောပွဲ၊ ဂုဏ်ပြုပွဲနှင့် ကုသမှု၊ လှူဒါန်းမှု အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာ လျှော်ရွှေး လျှော်ထုတ် စက်ရုံခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ကျေးလက်နေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာမကဘဲ ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို သိသိသာသာ လျှော့ချနိုင်ကြောင်း၊ အထူးပြုကုမ္ပဏီများအနေဖြင့် လယ်သမားများလိုအပ်သော ချေးငွေပံ့ပိုးပေးရုံသာမကဘဲ မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးနည်းပညာနှင့် လယ်ယာသုံးစက်ကိရိယာ အသုံးပြုနိုင်ရေးအတွက်ပါ ပံ့ပိုးပေးရသည့်အတွက် လယ်ယာကဏ္ဍ တိုးတက်မှုအတွက် အရေးပါသော ဆောင်ရွက်မှုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆန်စပါးအများဆုံးထုတ်လုပ်သည့် ဆန်အိုးကြီးဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဆန်စပါးပိုမိုထုတ်လုပ်နိုင်ရေးအတွက် အထူးပြုကုမ္ပဏီများ၏ ပံ့ပိုးမှုများအပေါ် အကျိုးရှိရှိ မှန်မှန်ကန်ကန် အသုံးပြုစေလိုကြောင်း ပြောကြားပြီး ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်မှ ဓနုဖြူမြို့နယ်အတွင်းရှိ လယ်သမား ၃၆၀၀ ကျော်အား ငွေကျပ်သိန်းပေါင်း သုံးသောင်းကျော် ချေးငွေပံ့ပိုးထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကံညွန့်၊ အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းနှင့် ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်တို့က ကျန်းမာရေးနှင့်ပတ်သက်၍ လည်းကောင်း၊ မိုးလေဝသပညာရှင် ဦးထွန်းလွင်က မိုးလေဝသအခြေအနေများကို လည်းကောင်း ဟောပြောကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်အဖွဲ့သည် ကဥ္စနကျွန်းသာ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်က မူလတန်းကျောင်း ခုနစ်ကျောင်း၊ ဓနုဖြူမြို့နယ်မှ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြုပွဲနှင့် မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အတတ်ပညာ ပိုမိုကျွမ်းကျင်တတ်မြောက်အောင်သင်ကြားပေး နိုင်ငံတကာအဆင့်မီ ဆရာဝန်ကောင်းများ ပေါ်ထွက်လာရေး လေ့ကျင့်

နေပြည်တော် ဇူလိုင် ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇွန် ၂၈ ရက် ညနေ ၄ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုအုပ်၊ သူနာပြုများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် မကွေးတိုင်းဒေသကြီး မကွေးပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးအောင်၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုအုပ်နှင့်သူနာပြုများနှင့်လည်းကောင်း၊ မကွေးသူနာပြုနှင့် သားဖွားသင်တန်းကျောင်း ခန်းမ၌ ကျောင်းအုပ်ကြီး ဒေါ်နွယ်နွယ်ချိုနှင့် သင်ကြားရေး ဆရာမများ၊ သူနာပြု/သားဖွားသင်တန်းသူများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

တွေ့ဆုံ

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် မကွေးအခြေခံကျန်းမာရေးတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ် ဒေါက်တာစန်းစန်းမြင့်အောင်နှင့် ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားရေး ဆရာများနှင့် တွေ့ဆုံသည်။

ထို့နောက် အခြေခံကျန်းမာရေး တက္ကသိုလ် စာသင်ဆောင်များ၌ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသားများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဦးနှင့် ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မကွေးဆေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးနှင့် ပါမောက္ခဌာနမှူးများ၊ သင်ကြားရေး ဆရာများ၊ ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး သင်ကြားရေးတွင် စာမေးပွဲအောင်ရုံ၊ ဘွဲ့ရရုံသာမက အတတ်ပညာ ပိုမိုကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးရန်၊ အသိပညာ ဗဟုသုတ၊ သဘောထားခံယူချက်၊ လက်တွေ့ကျွမ်းကျင်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ဝန်ထမ်းအချင်းချင်း အထက်နှင့်အောက် စည်းလုံး ညီညွတ်စွာဖြင့် နားလည်မှု၊ လေးစားမှု၊ ခင်မင်မှု၊ စာနာထောက်ထားမှုများ တည်ဆောက်၍ မိမိတို့တက္ကသိုလ်၊ မိမိတို့နိုင်ငံ တိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ စိတ်ကောင်းစေတနာဖြင့် နိုင်ငံတကာအဆင့်မီ ဆရာဝန်ကောင်းများပေါ်ထွက်လာရေး လေ့ကျင့်သင်ကြားပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆေးရုံသို့ရောက်ရှိရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီးက ဆေးရုံအဝင်လမ်းမကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပြီးစီးမှု၊ ပြင်ပလူနာဌာန ကြမ်းခင်းအား ကွန်ကရစ် ပြန်လည်ခင်းပြီးမှုနှင့် ဂါလန် (၈၀၀) ဆံ့ ရေစင်တည်ဆောက်မှုကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အခြေခံပညာ အထက်တန်းကျောင်း၌ တည်ဆောက်လျက် ရှိသော ဂါလန် (၈၀၀) ဆံ့ ရေစင်အတွက် မြေအောက်ရေလှောင်ကန် တည်ဆောက်နေမှုနှင့် ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ခနောင်တိုချောင်းကူးကြိုးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဌေးဌေးဦးက တံတားတည်ဆောက်ရေးနှင့် ချဉ်းကပ်လမ်းဖောက်လုပ်ရေး ဆိုင်ရာတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆောက်လုပ်မည့် ကြိုးတံတားမှာ ပင်မတံတားအရှည် ပေ ၄၈၀၊ ချဉ်းကပ်လမ်းအရှည် ပေ ၁၂၀၀ စုစုပေါင်း အရှည်ပေ ၁၆၈၀ ရှိပြီး ကားလမ်းနှင့် လူသွားလမ်းအပါအဝင် အကျယ် ၁၁ ဒသမ ၃ ပေနှင့် တံတားခံနိုင်ဝန်မှာ ၃၆ တန်ရှိကြောင်း သိရှိရသည်။

ပြီးစီး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့နယ်အားကစားကွင်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အားကစားကွင်းမှာ ပေ ၃၇၀×၂၃၀ ရှိပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌတို့၏ မတည်ငွေကျပ်သိန်း ၂၀၀၊ ဘိလပ်မြေအိတ် ၈၀၀ ဖြင့် တည်ဆောက်လျက်ရှိပြီး လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇူလိုင် ၅ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၄

ပထမအကြိမ် ကရင်ပြည်နယ် လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ရှိ ကရင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကြေညာ

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၂၃ ဦးရှိရာ အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အတည်ပြု

အစီအစဉ်အရ ကရင်ပြည်နယ် ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်းကြေညာသည်။

ပြင်ဆင်ဖွဲ့စည်း

ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် လူမှုရေး ဝန်ကြီးဌာနတို့ဖြစ်သည်။

ထို့နောက် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်ထောင်စုလမ်းမကြီးဘေး ရေမြောင်းများ ရေစီး ရေလာကောင်းမွန်ရေးအတွက် အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်မှုဖြင့် မေ ၂၇ ရက်က အဖွဲ့ဝင် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဥတုရာသီတောကိုမှီ၍

လမ်းလျှောက်တုတ်ကလေးပြောတဲ့ ပင်စင်အကြောင်း

လှိုင်ဘွား(ပါရမီ)

မှန်ဗီရိုတွင်း ခင်းကျင်းပြသထားသည့် လမ်းလျှောက်တုတ် လှလှလေးများက မိမိကိုလက်ယပ်ဖိတ်ခေါ်နေသည်။ ဝန်ထမ်းဘဝက မလုပ်နိုင်ခဲ့သမျှ အငြိမ်းစားယူပြီးမှသာ ကျန်းမာရေးအတွက် နံနက်ခင်းတိုင်းလမ်းလျှောက်ဖြစ်ရာ ငယ်စဉ်ကလောက် မကောင်းတော့သည့် အရိုးအဆစ်များက ပြဿနာရှာလာကြသည်။ ဤတွင် 'လမ်းလျှောက်တုတ်'ဆိုသည့်ပစ္စည်းက နေရာကြီးကြီး ယူလာတော့သည်။ သို့သော် ရသည့်ပင်စင်လစာက လမ်းလျှောက်တုတ်နှင့်ဝေးစွာ ကြိမ်တောင်ဖေ့နားသာကပ်နိုင်ရုံမို့ ဤဆိုင်နားကိုဖြတ်တိုင်း ခါးကိုကိုင်းကာ မှန်အကာ တံတိုင်းအတွင်းမှ လစာနှင့်မနှိုင်းသာသည့် လမ်းလျှောက်တုတ်ခပ်စွာစွာကလေးကို မနာလိုသော အကြည့်နှင့်ကြည့်ရင်း မက်မောခြင်းအအုံအကျင်းဖြင့် ဒင်းတော့နေနှင့်ဦးပေ့ါဟု ကြိမ်းဝါးမိသည်က အကြိမ်ကြိမ်ပင်။

ယခုတော့ အဆင်ပြေတော့မည်ထင်သည်။ နိုင်ငံတော်အစိုးရက မိမိတို့ ပင်စင်စားများအတွက် စေတနာနှင့်ဆောင်ရွက်ပေးခဲ့သဖြင့် ထောင်ဂဏန်းပင်မပြည့်သော ပင်စင်လစာအခြေအနေမှ သောင်းချီသောငွေကို ကိုင်တွယ်သုံးစွဲနိုင်တော့မည်။ သားတွေ သမီးတွေ မြေးတွေ လာကန်တော့လေမှ တစ်ထောင်တန်ဆိုသည်ကို မြင်ဖူးရသော အခြေအနေမှ ကိုယ့်ချွေးနဲ့စာ အသပြာကြီးကြီးကို ဟန်ကြီးပန်ကြီးကိုင်နိုင်တော့မည်။ ပင်စင်လစာက လကုန်မှ ရမည်ဆိုသော်လည်း လမ်းထောင့်ကုန်စုံဆိုင်မှန်ဗီရိုထဲက မာနကြီးစွာ ခေါင်းမော့နေသည့် လမ်းလျှောက်တုတ်ဆီသို့ အပြေးချီရင်း ပိုင်ရှင်လောင်းအမည်စာရင်းသွင်းကာ ဤသတင်းခိုင်ခိုင်မာကို ဖောက်သည်ချမိသည်။ လကုန်ပြီးသည်နှင့် ချက်ချင်းပြေးလာဝယ်ဖြစ်တော့မည်ဖြစ်ရာ၊ လမ်းလျှောက်တုတ်ဖြင့် ရင်ကော့ရင်း လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းကို နံနက်ခင်းရန့်နှင့်အတူ မညည်းမညူလုပ်ဖြစ်တော့မည့် ကိုယ့်ပုံရိပ်ကိုယ် မြင်ယောင်ရင်း ကြည်နူးမိသည်။

ထိုမှအစ ပင်စင်စားတို့ဘဝများကိုလည်း စိတ်ထဲလေးလေးနက်နက်စဉ်းစားမိသည်။ နိုင်ငံတာဝန်များကို ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေနှင့် အချိန်တစ်ခုတွင် အကြောင်းအမျိုးမျိုးနှင့် အငြိမ်းစားဘဝကို ကူးပြောင်းကြရပေသည်။ အချို့နာမကျန်းပင်စင်၊ အချို့က သက်ပြည့်ပင်စင် စသဖြင့် ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသူများအတွက် နိုင်ငံရေးပင်စင်ဆိုသည်ကလည်း ရှိသေးသည်။ ထိုသော ပင်စင်စားတို့အတွက် ပင်စင်လစာတို့ကို တွက်ချက်ခံစားစေရာတွင် နိုင်ငံတော်အစိုးရ တစ်ရပ်အဖို့ သင့်တင့်လျောက်ပတ်သော ဘတ်ဂျက်ခွင့်ပြုမှုဘောင်ထဲမှ ခံစားခွင့်ပြုခဲ့ပေသည်။ ထိုသို့ ခံစားခွင့်များ တွက်ချက်ရာတွင် ပင်စင်ခံစားသူများကား အချိန်နှင့်အမျှ တောက်လျှောက် မပြတ်တမ်းရှိနေကြပေရာ ပြောင်းလဲခဲ့သော လစာနှုန်းထားများအရ ပင်စင်လစာများသည်လည်း ကာလတစ်ခုနှင့်တစ်ခု မတူညီဘဲ ကွဲပြားခဲ့ပေသည်။ ထိုသို့ကွဲပြားခဲ့ရာမှ အချို့က ရာဂဏန်းမျှသာ ရရှိချိန်တွင် အချို့က ထောင်သောင်းမက ဖြစ်ခဲ့ကြရသည်။ နိုင်ငံတော်၏ ဓနအင်အားပေါ် မူတည်လျက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ရသည်ဖြစ်ရာ ဦးစားပေးအနေနှင့် နိုင်ငံတော်ယန္တရားကြီးကို လည်ပတ်နေရသော လက်ရှိဝန်ထမ်းများကို ဦးစွာထောက်ပံ့ခဲ့ရသည်ဖြစ်သော်လည်း နိုင်ငံနှင့်ပြည်သူအတွက် အမြဲပင် ဦးစားပေးဆောင်ရွက် စောင့်ရှောက်ကြည့်ရှုခဲ့သည့် နိုင်ငံတော်အစိုးရသည် အခွင့်အလမ်းပေါ်လာသည်နှင့် ယခင်က စာရင်းတို့ရုံ တို့ထားခဲ့ရသော ပင်စင်လောကသားတို့ကို မျက်နှာသာပေးခဲ့ပေပြီ။ ယခုတစ်ကြိမ်သည်ကား ပင်စင်စားတို့အလှည့်ရောက်ခဲ့ပေပြီ။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ကျင်းပသော မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မိန့်ခွန်းမြွက်ကြားရာ၌ "ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ တင်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှင့်ပင်စင်တို့ကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကုန်ဈေးနှုန်း အခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သောအချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း" စသည်ဖြင့် ပြောကြားခဲ့ပြီး ထိုသို့ပြော၍မှုမကြာမီ ရက်ပေါင်း ၁၀၀ မပြည့်မီအတွင်း၌ လက်တွေ့အကောင်အထည်ဖော်ပေးလိုက်ပေပြီ။

၂၀၀၈ ခုနှစ်တွင် ပြည်သူတို့၏ ရာနှုန်းပြည့်နီးပါး ဆန္ဒမဲအများဖြင့် ဖြစ်တည်လာခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ခဲ့သည်။ ထိုရွေးကောက်ပွဲကြီးမှပင် ဒီမိုကရေစီနည်းကျစွာ နိုင်ငံတော်အစိုးရသစ်တစ်ရပ်ကို ဖြစ်တည်လာစေခဲ့သည်။ နိုင်ငံတော်အစိုးရသည် ကတိသစ္စာပြုပြီး ရက်ပေါင်း ၆၀ မျှမရှိမီမှာပင် အခြေခံကျလှသော ခြေလှမ်းတို့ကို ထင်ထင်ရှားရှား လှမ်းနိုင်ခဲ့ပေသည်။ ထိုခြေလှမ်းတို့အနက်မှ အရေးကြီးလှသော ခြေလှမ်းတစ်ခုသည်ကား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲကြီးတွင် ပညာရှင်ခြောက်ဦးက ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးလမ်းပြစာတမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးတိုးတက်မှုတို့တွင် တွေ့ရှိရသော သဘောထားအမြင်ကွာဟမှုများနှင့် ပြင်ဆင်သင့်သည့်အချက်များ စာတမ်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားငွေချေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး၊ ဘက်စုံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အလေအလွင့်များ ပြန်လည်အသုံးချရေးစာတမ်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးမှု ထိရောက်အကျိုးရှိစေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဘဝမြှင့်တင်ရေးစာတမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် သမဝါယမကဏ္ဍစာတမ်းများအရ ချမှတ်သင့်သော ရှေ့လုပ်ငန်းစဉ်များ စာတမ်းတို့ကို ဖတ်ကြားရှင်းလင်းခဲ့ကြသည်။ စာတမ်းတို့ပါ အကြောင်းအရာများကား မိမိတို့လိုလူပြိန်းများအဖို့ သိသလိုလို ကြားဖူးသလိုလိုနှင့် တကယ်တော့ မည်သည့်နေရာကစပြီး မည်သို့ရှင်းရမည်ကိုမသိသော အကြောင်းအရာများပင်တည်း။ စိုက်ပျိုးသူတောင်သူလယ်သမားများ၊ လယ်ယာထွက်ကုန်ရောင်းဝယ်သူများ၊ စီးပွားရေးပညာရှင်များ၊ လယ်ယာကဏ္ဍမှ နိုင်ငံတော်ဝန်ထမ်းများ လမ်းတစ်လမ်းတည်းသွားနေသော်လည်း အဖြေမှန်နှင့် တွေ့လွဲလွဲနေခဲ့ခြင်းအပေါ် နိုင်ငံတော်အစိုးရက ယခုကဲ့သို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ အဖြေမှန်ရှာနိုင်ရေး ဆောင်ရွက်ပေးခဲ့ပေပြီ။ အလုပ်ရုံဆွေးနွေးပွဲ၌ပင် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ (Plan of Action) ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများကလည်း စေတနာရှေ့ထား သုံးသပ်အကြံပြု ပါဝင်ဆွေးနွေးခဲ့ကြရာ မြိုင်ဆိုင်ဝေဆာလှသော ဆွေးနွေးပွဲကြီးဖြစ်ခဲ့တော့သည်။

ထိုဆွေးနွေးပွဲများမှ ဖော်ထုတ်တွေ့ရှိချက်များအရ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လုပ်ငန်းကြီး ရှစ်ခုကို ရွေးထုတ်နိုင်ခဲ့သည်။ ထိုလုပ်ငန်းကြီးများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၆ ရာနှုန်းသို့ လျှော့ချနိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက်လည်း ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာနှုန်းခန့်ဖြစ်သော ကျေးလက်နေပြည်သူတို့၏ ဘဝအခြေအနေမြင့်မားလာအောင် နည်းလမ်းမျိုးစုံရှာကြံလျက် ဆောင်ရွက်ပေးနေသကဲ့သို့၊ တစ်ဖက်မှလည်း နိုင်ငံ့တာဝန်ကို အပတ်တကုတ် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းဟောင်းများအတွက် သူတို့၏ ထမ်းရွက်ခဲ့မှုများအပေါ် တန်ဖိုးထား အသိအမှတ်ပြုသောအားဖြင့် ခေတ်ကာလရွေ့လျောမှုကြောင့် အလိုအလျောက် နည်းပါးသည့်အခြေသို့ ရောက်ခဲ့ရသော၊ မညီမျှသကဲ့သို့ ဖြစ်ခဲ့ရသော ပင်စင်လစာများကို တစ်ပြေးညီတိုးမြှင့်ပေးရန် ဆောင်ရွက်ပေးခဲ့ပေသည်။

ဤလူ့ရွာလောက၌ မိဘက သားသမီးကို ကြည့်ရှုစောင့်ရှောက်သည်မှာ ဓမ္မတာဖြစ်သလို ထိုသို့ စောင့်ရှောက်မှုသည်ပင်လျှင် လောကပါလတရားအရ မင်္ဂလာရှိသော ကြည်နူးဖွယ်ဆောင်ရွက်ချက် ဖြစ်သည်။ သို့သော် အလျှင်ဖြစ်ခြင်း၊ မဖြစ်ခြင်းကိုတော့ နားလည်ပေးသင့်ပေသည်။ အချိန်တန်လျှင်တော့ မိမိတို့အလှည့် မရောက်မဖြစ် ရောက်လာလိမ့်မည်ဆိုသည်ကို ယုံကြည်ထားသင့်ပေသည်။ မိမိတို့ ငယ်စဉ်ဘဝက နံနက်ခင်း ကျောင်းသွားခါနီး ထမင်းဘူးပြင်ကြရာတွင် အလုပ်ခွင်ဝင်နေသူ အစ်ကိုကြီး အစ်မကြီးတို့၏ ထမင်းဘူး၌ ပိုကောင်းသည့်ဟင်းကို မိခင်က ထည့်ပေးခြင်းအတွက် စောဒကတက်ခဲ့ဖူးသည်။ အလုပ်သွားမည့် ဖခင်ကြီး၏ ထမင်းဘူးတွင် ဟင်းဖတ်တို့ ပိုသည်ကိုမြင်ပြီး မနာလိုဖြစ်ခဲ့ရဖူးသည်။ နောင်ကျမှသာ မိခင်ကြီး၏ ရှင်းပြမှုအရသော်လည်းကောင်း၊ မိမိတို့ကိုယ်တိုင် အလုပ်ခွင်ဝင်ရသောအခါကျမှသော်လည်းကောင်း၊ မိဘနှင့် ဒိုးတူပေါင်ဖက် အိမ်ထောင်စုဝင်ငွေကို ရှာဖွေနေသော သားသမီးများကို ဦးစွာကြည့်ရှု စောင့်ရှောက်ရခြင်း၏ သဘောကို နားလည်ခဲ့ရပေသည်။ သူတို့ ကျန်းမာကြံ့ခိုင်မှသာ ဝင်ငွေပုံမှန်ရရှိမည်ဖြစ်သဖြင့် လုပ်ကိုင်နိုင်သူ၊ မလုပ်ကိုင်နိုင်သေးသူ၊ မလုပ်ကိုင်နိုင်တော့သူ အားလုံးပါဝင်သည့် မိသားစုကြီး၏ ဘဝရပ်တည်မှု ခိုင်မာပေလိမ့်မည်။ ထိုသို့ လက်ရှိလုပ်ကိုင်နေသူတို့ အခြေခိုင်သွားပြီးမှသာ အိမ်၏ဝင်ငွေ တိုးတက်လာပြီး ကျန်သူတို့အတွက် ဆက်လက်ကြည့်ရှုဆောင်ရွက်နိုင်ပေလိမ့်မည်။ ဤသဘောအရပင် နိုင်ငံတော်အစိုးရက လက်ရှိဝန်ထမ်းများ၏ ဘဝရပ်တည်မှု ခိုင်မာရေးဆောင်ရွက်ပြီးမှသာ မိမိတို့ ပင်စင်စားများဘက်သို့ လှည့်လာခြင်းကို နားလည်သဘောပေါက်ခဲ့ပြီးဖြစ်သလို၊ အချို့က ဆန္ဒစောစွာဖြင့် အပြစ်တင်ခဲ့ကြ၊ စကားနာထိုးခဲ့ကြသည်ကိုလည်း ကိုယ်ချင်းစာခဲ့မိပေသည်။ ယခုတော့ ထိုအပြစ်တင်မှု၊ စကားနာထိုးမှုများသည်လည်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ရွေ့လျောကင်းစင် မူလပုံသွင် ပေါ်လွင်ခဲ့ရပေပြီ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်ကား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့ခြင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ခဲ့ခြင်း၊ ထိုရွေးကောက်ပွဲများမှ ပြည်သူတို့က စိတ်တိုင်းကျရွေးချယ်ပေးလိုက်သော တိုင်းရင်းသားအစုံစုံ ကိုယ်စားလှယ်များစုံညီစွာဖြင့် လွှတ်တော်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း၊ ထိုလွှတ်တော်အစည်းအဝေးများမှ ဒီမိုကရေစီနည်းကျ နိုင်ငံတော်အစိုးရတစ်ရပ်ကို ဖွဲ့စည်းဖြစ်တည်စေခဲ့ခြင်း၊ ထိုသို့ဥပဒေနှင့်အညီ ဖြစ်တည်လာခဲ့သည့် နိုင်ငံတော်အစိုးရက ပြည်သူတို့ဆန္ဒနှင့် ကိုက်ညီသော တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို ဖန်တီးဖော်ဆောင်နိုင်ခဲ့ခြင်း စသည့် မင်္ဂလာရှိလှစွာသော တိုးတက်ဖြစ်ပေါ်မှုများအပြင် နတ်လူသာစုခေါ်လောက်သော ပင်စင်စားတို့၏ ဘဝအခြေမြင့်စေမည့် ပင်စင်လစာ တိုးမြှင့်မှုကိုပါ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ မင်္ဂလာပေါ်တွင် မင်္ဂလာဆင့်ခဲ့ပေပြီ။ ဤသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် မသမာသူတို့၏ ထိုးနှက်တိုက်ခိုက်မှု၊ သားပုပ်လေလွင့် ပြောဆိုမှုမျိုးစုံအကြားမှ နိုင်ငံ့စီးပွားကို ခိုင်မာအောင် တည်ဆောက်ခဲ့ရသည်။ ကဏ္ဍအလိုက်သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့် ဘဏ္ဍာငွေသုံးစွဲမှုကို စိစစ်ဆောင်ရွက်ခဲ့ရသည်။ မည်သည့်ကဏ္ဍတွင် မည်မျှသုံးသင့်သည်၊ မည်သည့်ကဏ္ဍအတွက် အသုံးပြုသည်မှာ နည်းပါးလွန်းသည်စသဖြင့် ပတ်ဝန်းကျင်မှ ထိုးနှက်လာသည့် အင်အားကြီးမားသော ထိုးနှက်ချက်တို့အကြားမှ ကြံ့ကြံ့ခံရပ်တည်လျက် ထိုသို့သော နိုင်ငံတော်အစိုးရ၏ စစ်စစ်ပေါက်ပေါက် ဆောင်ရွက်ချက်တို့က အကောင်အထည်ပေါ်ခဲ့ပေပြီ။

ယခုလို နိုင်ငံ့တာဝန်ကို ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော မိမိတို့ နိုင်ငံဝန်ထမ်းဟောင်းများအတွက် ပင်စင်လစာများတိုးမြှင့်၍ ချီးမြှင့်ခြင်းအားဖြင့် မိမိတို့အတွက်သာ အကျိုးရှိရုံသာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိနိုင်ပေသည်။ မည်သည့်နိုင်ငံသားမဆို နိုင်ငံတော်၏ ချီးမြှင့်ထောက်ပံ့မှုကို ရယူခံစားပြီးပြီဆိုသည်နှင့် ပြန်လည်ပေးဆပ်ဖို့တာဝန်က ရှိလာပြီဟု ခံစားမိသည်။ နိုင်ငံတော်အတွက် တစ်တပ်တစ်အားကျရာကဏ္ဍမှ ပြန်လည်ပေးဆပ်ရန် အိုမင်းမစွမ်းဘဝပိုင်ရှင် မိမိတို့ကပင် ဆန္ဒပြင်းပြနေပြီဖြစ်သည်။ ဤသို့ပင်လျှင် ထောင်ပေါင်းများစွာသော နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားတို့က ခံစားခံယူကြသည်ဖြစ်ပေရာ နိုင်ငံတော်တွင် အုတ်တစ်ချပ် သဲတစ်ပွင့်မက လုပ်အားတို့ တိုးတက်ရရှိပေဦးတော့မည်။ ယခုလို ပင်စင်လစာကို ခံစားကြရာတွင် နိုင်ငံဝန်ထမ်းများအနက်မှ မည်သူ့ကိုမျှ ချန်ထားရန် နိုင်ငံတော်တွင် ဆန္ဒမရှိ၊ ထောက်ခံသူဖြစ်စေ၊ မထောက်ခံသူဖြစ်စေ အငြိမ်းစားအားလုံး တူညီသော အခွင့်အရေးကို ခံစားနိုင်ပေတော့မည်။ မည်သည့်ပါတီဝင်ဖြစ်စေ နိုင်ငံဝန်ထမ်းဟောင်းဆိုသည်နှင့် ဤအကျိုးခံစားခွင့်ကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်ရာ အယူအဆမတူသည်ဖြစ်စေ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိသန်ရာသန်ရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်ကြပေသည်။

မိမိအိမ်မှ သွားလေရာ ရောက်လေရာ အငြိမ်းစားတို့ဆုံစည်းရာ ရပ်ဝန်းတို့တွင်လည်း နိုင်ငံတော်အစိုးရက ယခုလို ပင်စင်လစာ တိုးမြှင့်ပေးမှုအပေါ် ဝမ်းသာသောမျက်နှာတို့က မမြင်ရမရှိ ဖြစ်ဘိတော့သည်။ ဘတ်စ်ကားဂိတ်၊ ဘုတာရုံ၊ သင်္ဘောဆိပ်၊ စာကြည့်တိုက် စသည့် လူသူများပြားရာနေရာတိုင်းတွင် ခေတ်အစားဆုံး ဝေါဟာရသည်ကား ပင်စင်လစာပင်ဖြစ်တော့သည်။ လက်ဖက်ရည်ဆိုင်တိုင်းတွင်လည်း ထိုင်၍မှ ဖင်မကျခင် ပင်စင်ခေါင်းစဉ်က ဝင်လာတော့ရာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးမိကြတော့သည်။ ဤမျှ တန်ခိုးကြီးလှသော ပင်စင်ပင်[...] တချို့ကတော့ ဝိသမလောဘသမားတို့က ဤအခြေ[...] ကောင်းယူ၍ ကုန်ဈေးနှုန်းကစားမည်ကို စိ[...] ကာလတစ်လျှောက် ဤလိုဖြစ်စဉ်များရှိခဲ့မှု[...] ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှု သာဓကများကို[...] သွားကြပြန်တော့သည်။ အဆုံးဆိုရလျှ[...] မည်သည့်မိသားစုမဆို နိုင်ငံ့ဝန်ထမ်းဟော[...] တစ်ဦးတော့ရှိကြသည်ဖြစ်ရာ တစ်နိုင်ငံလု[...] ဝမ်းသာနေကြသည်ဆိုလျှင် မည်သူငြင်းနိုင်[...]

ဤနေရာတွင် နိုင်ငံရေးကိစ္စ စိတ်ဝင်[...] ကျန်မနေခဲ့ဘဲ ဝမ်းသာမှုကို ဝေမျှခံစား[...] တော့ နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှ[...] တို့မှ ကိုယ်စားလှယ်တို့၏ တင်ပြချက်များအ[...] က အလေးတယူပြု၍ ဆောင်ရွက်ပေးမှု[...] ရှိကြသည်။ သူတို့က နိုင်ငံတော်အစိုးရ[...] ရည်မှန်းချက်ကို လုံးဝနောက်မဆုတ်တမ်[...] ကြောင်း မှတ်ချက်ပြုကြသည်။ လွှတ်တော[...] လာမှုကိုလည်း အသိအမှတ်ပြုကြသည်။[...] ပင်စင်စားတို့ လိုချင်တောင့်တနေခဲ့သေ[...] တိုးမြှင့်ရေးကို ဒီမိုကရေစီနည်းကျကျ ဆေ[...] နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းတို့ကို အ[...] ခဲ့ပြီဖြစ်သည်ကို မျက်မြင်တွေ့နေရပြီဖြစ်[...] နိုင်ငံတော်သစ်ဆီသို့ ပြောင်းလဲချီတက်ေ[...] ယခုလို အငြိမ်းစားလစာကွာဟမှုများ ညှိနှိုင်[...] အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မိမိတို့အနေ[...] အစိုးရ၏ ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှု[...] ဉာဏ်စွမ်းရှိသမျှ အားဖြည့်ပါဝင်ဆောင်ရွက်[...] လက်ဖက်ရည်ခွက်ကိုင်ရင်း ရှင်းရှင်းလင်း[...] သန်သန်ဖြင့် ပြောနေတော့ရာ ကြားရသ[...] အဟုန်ကြောင့် စကားတို့ဆုံးအောင်ပင် [...] မျက်ရည်ပင်ဝဲရတော့သည်။

အိမ်သို့အပြန်လမ်းတွင်မူ ဆေး[...] ကြိမ်တုတ်ကလေးက ယခင်ထက်ပင်ပို၍ အ[...] ထင်ရသည်။ စိတ်ထဲတွင် စတိုးဆိုင်[...] လမ်းလျှောက်တုတ်အသစ်လေးက ယခုပင်[...] ခံစားနေရသည်။ ပင်စင်လစာသစ်မရမီ[...] အတည်ဖြစ်စေရေး စရန်လေးတော့ ပြေး[...] အဟောင်းတို့ကား မဖြစ်မနေကျန်ခဲ့ရပေ[...] ဖျက်ဆီးမပစ်နိုင်သော်လည်း အသုံးတော်ခံ[...] တည်း။ လမ်းလျှောက်တုတ်အသစ်ကလေး[...] ပိုဝေးသော အကွာအဝေးထိ မိမိလျှော[...] နိုင်ငံတော်က မိမိတို့အပေါ်ထားရှိသော [...] မိမိ၏ ကျန်းမာရေးဘဝသာမက နို[...] အငြိမ်းစားတို့၏ မိသားစုဘဝများကို ကဏ္ဍ[...] တောက်ပစေပေလိမ့်မည်။ ။

MRTV-4 ရုပ်မြင်သံ[...]

၅-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**စိတ်ယဉ်ကျေးမှု ချမ်းသာရ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆:၄၅	ဖူးစိုဘုရားစုံ မြို့ဖျာပုံ
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၅)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၃)
၈:၅၀	7 Diamonds Live Show (Part-2)
၉:၄၅	Cartoon Show Time (Animal United)
၁၀:၂၅	မန္တလာမြေမှ ရွှေမင်းသမီး
၁၀:၃၅	Celebrity Style (ဝိုင်းစုခိုင်သိန်း)
၁၀:၅၀	Activities in the City (အစားအစာနှင့် ဓာတုဗေဒ အင်ဂျင်နီယာများ၏ ဒုတိယမိခင်၊ ဖခင်များအားပူဇော်ပွဲ)
၁၁:၁၀	အပန်းဖြေကြည့်ရှုစရာဇာတ်ကား မိတ်ဆက်ကဏ္ဍမှာ **အဖြူရောင်နှလုံးသားတစ်ထောင့်မှာ** ဇာတ်ကား
၁၁:၂၅	ရန်ကုန်မြင်ကွင်းကျယ် [ခုနှစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ(တွံတေးမိဘမဲ့ပရဟိတ)]
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	သင်ကြားရေးလမ်းညွှန် (NELC Mandalay)

၁၂:၂၅	[...]
၁၂:၄၅	[...]
၁:၀၀	[...]
၂:၀၀	[...]
၂:၂၀	[...]
၂:၄၀	[...]
၂:၅၀	[...]
၃:၀၀	[...]
၃:၁၅	[...]
၄:၀၀	[...]
၄:၅၀	[...]
၅:၂၅	[...]
၆:၀၀	[...]
၆:၂၀	[...]

MRTV-[...] တို့တွင်[...] တောင်ကြ[...]

သည်။ ဤမျှ တန်ခိုးကြီးလှသော ပင်စင်ပင်တည်း။ စိုးရိမ်တတ်သူ တချို့ကတော့ ဝိသမသမားတို့က ဤအခြေအနေအပေါ် အခွင့်ကောင်းယူ၍ ကုန်ဈေးနှုန်းကစားမည်ကို စိတ်ပူကြသည်။ သို့သော် ကာလတစ်လျှောက် ဤလိုဖြစ်စဉ်များရှိခဲ့မှုအပေါ် နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှု သာဓကများကို ပြန်မြင်ပြီး စိတ်အေးသွားကြပြန်တော့သည်။ အဆုံးဆိုရလျှင် မြန်မာနိုင်ငံတွင် မည်သည့်မိသားစုမဆို နိုင်ငံ့ဝန်ထမ်းဟောင်းက အနည်းဆုံး တစ်ဦးတော့ရှိကြသည်ဖြစ်ရာ တစ်နိုင်ငံလုံးရှိ မိသားစုအားလုံး ဝမ်းသာနေကြသည်ဆိုလျှင် မည်သူငြင်းနိုင်အံ့နည်း။

ဤနေရာတွင် နိုင်ငံရေးကိစ္စ စိတ်ဝင်စားကြသူများကလည်း ကျန်မနေခဲ့ဘဲ ဝမ်းသာမှုကို ဝေမျှခံစားကြပြန်သည်။ သူတို့ကတော့ နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့မှ ကိုယ်စားလှယ်တို့၏ တင်ပြချက်များအပေါ် နိုင်ငံတော်အစိုးရက အလေးတယူပြု၍ ဆောင်ရွက်ပေးမှုကို မှတ်မှတ်သားသား ရှိကြသည်။ သူတို့က နိုင်ငံတော်အစိုးရသည် နိုင်ငံတော်သစ်ရည်မှန်းချက်ကို လုံးဝနောက်မဆုတ်တမ်း စခန်းသွားနေပြီဖြစ်ကြောင်း မှတ်ချက်ပြုကြသည်။ လွှတ်တော်နိုင်ငံရေးပုံစံ ပီပြင်လာမှုကိုလည်း အသိအမှတ်ပြုကြသည်။ ခေတ်အဆက်ဆက် ပင်စင်စားတို့ လိုချင်တောင့်တနေခဲ့သော အငြိမ်းစားလစာတိုးမြှင့်ရေးကို ဒီမိုကရေစီနည်းကျကျ ဆောင်ရွက်ပေးခဲ့ပြီဖြစ်ရာ နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းတို့ကို အရှိန်အဟုန်ဖြင့် စတင်ခဲ့ပြီဖြစ်သည်ကို မျက်မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ပြောင်းလဲချီတက်ရေး လုပ်ငန်းစဉ်များတွင် ယခုလို အငြိမ်းစားလစာကွာဟမှုများ ညှိနှိုင်းပေးခြင်းမှာ အဓိက အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မိမိတို့အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှုများအပေါ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားဖြည့်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လက်ဖက်ရည်ခွက်ကိုင်ရင်း ရှင်းရှင်းလင်းလင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေတော့ရာ ကြားရသူမိမိမှာ ဝမ်းသာပီတိအဟုန်ကြောင့် စကားတို့ဆုံးအောင်ပင် မစောင့်နိုင်တော့ဘဲ မျက်ရည်ပင်ဝဲရတော့သည်။

အိမ်သို့အပြန်လမ်းတွင်မူ ဆေးပေးမီးယူ လမ်းလျှောက်ကြိမ်တုတ်ကလေးက ယခင်ထက်ပင်ပို၍ အားအင်ချည့်နဲ့လာသလို ထင်ရသည်။ စိတ်ထဲတွင် စတိုးဆိုင်ဗီရိုထဲမှ ခေတ်ပေါ် လမ်းလျှောက်တုတ်အသစ်လေးက ယခုပင်လက်တွင်းရှိသယောင် ခံစားနေရသည်။ ပင်စင်လစာသစ်မရမီ မိမိမျှော်လင့်ချက် အတည်ဖြစ်စေရေး စရန်လေးတော့ ပြေး၍ပေးထားရပေဦးမည်။ အဟောင်းတို့ကား မဖြစ်မနေကျန်ခဲ့ရပေတော့မည်။ လွှတ်မပစ်ဖျက်ဆီးမပစ်နိုင်သော်လည်း အသုံးတော်ခံနိုင်မှုတော့ မရှိတော့ပြီတည်း။ လမ်းလျှောက်တုတ်အသစ်ကလေးအားကိုးဖြင့် ယခုထက်ပိုဝေးသော အကွာအဝေးထိ မိမိလျှောက်နိုင်ပေဦးတော့မည်။ နိုင်ငံတော်က မိမိတို့အပေါ်ထားရှိသော မေတ္တာစေတနာတို့က မိမိ၏ ကျန်းမာရေးဘဝသာမက နိုင်ငံတော်တစ်ခွင်လုံးမှ အငြိမ်းစားတို့၏ မိသားစုဘဝများကို ကဏ္ဍပေါင်းစုံ၌ ထွန်းလင်းတောက်ပစေပေလိမ့်မည်။ ။

ရော်ဘာအသုံးပြုထုတ်လုပ်သော အရန်ပစ္စည်းနှင့်စက်အစိတ်အပိုင်း ပြည်တွင်း၌ အောင်မြင်စွာထုတ်လုပ်ပြီး အစားထိုးဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရထားလုပ်ငန်းသုံး အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် စက်ခေါင်းစက်ရုံ (အင်းစိန်)၌ MDCC-108 သံလမ်းပြေးကရိန်း အလတ်စားပြုပြင်နေမှု၊ (၁)တန်ခွဲ ပုံစံထုတ်လုပ်သည့် စက်တူ (1.5 ton Pneumatic Hammer) ဖြင့် စက်အရန်ပစ္စည်းများ ထုတ်လုပ်နေမှု၊ စက်ခေါင်းများ ပြင်ဆင်နေမှု၊ အင်ဂျင်စက်အစိတ်အပိုင်း အခြေအနေကို ကွန်ပျူတာဖြင့် ရှာဖွေစစ်ဆေးနေမှု၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန (သာဂရ)က ထုတ်လုပ်သည့် 12 V 128 ZC အင်ဂျင်ကို စက်ခေါင်းအမှတ် DD-511 တွင် တပ်ဆင်စမ်းသပ် မောင်းနှင်နေမှု၊ စက်ခေါင်းအရန်ပစ္စည်းများ ပြုလုပ်ရန် သံရည်ကျို သွန်းလောင်းနေမှုနှင့် သွန်းလောင်းပြီး စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြင်ဆင်နိုင်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့မီးရထားက လိုအပ်သော ရထားလုပ်ငန်းသုံး အရန်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် ပေးသွင်းနိုင်ရေးအတွက် ခင်းကျင်းပြသထားခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာ့မီးရထားက လိုအပ်သော ပစ္စည်းများကို ပြည်တွင်းလုပ်ငန်းရှင်များသို့ အပ်နှံခြင်း၊ နည်းပညာလိုအပ်ချက်များကို ရယူပံ့ပိုးခြင်းများ ဆောင်ရွက်ခဲ့ရာ လိုအပ်သော အရန်ပစ္စည်းများကို ပြည်တွင်း၌ ရရှိသဖြင့် ပြည်ပမှ မှာယူသကဲ့သို့ (၆)လခန့် မစောင့်ရဘဲ စက်ခေါင်းများကို အမြန် ပြင်ဆင်နိုင်ခဲ့ကြောင်း။

မြန်မာ့မီးရထားသည် ၁၉၉၂ ခုနှစ်မှစတင်ပြီး ယခုကဲ့သို့ ပညာရှင်များ၊ ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များနှင့် ပူးပေါင်းလက်တွဲ၍ စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်း အမယ်ပေါင်းများစွာကို ပြည်တွင်း၌ ထုတ်လုပ်အသုံးပြုခြင်း၊ အစားထိုးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရော်ဘာအသုံးပြုထုတ်လုပ်သော အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများစွာကို ပြည်တွင်း၌ အောင်မြင်စွာ ထုတ်လုပ်ပြီး အစားထိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာ့မီးရထားနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ခဲ့သည့် ပညာရှင်များနှင့် လုပ်ငန်းရှင်များအား မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်)ဦးထွန်းဦးက ခင်းကျင်းပြသထားသောစက်ခေါင်း၊ တွဲနှင့် Diesel Motorized Unit အရန်ပစ္စည်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အထွေထွေမန်နေဂျာ (မြို့ပြ) ဦးသီဟန်က မြို့ပြဆိုင်ရာ အရန်ပစ္စည်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပညာရှင်များ၊ လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်ဆွေးနွေးသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များသည် ရထားလုပ်ငန်းသုံး အရန်ပစ္စည်းများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွံတေး-မအူပင်ဖြတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် လှိုင်သာယာ-တွံတေး ကတ္တရာလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တွံတေး-မအူပင်ဖြတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများနှင့် တံတားများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ လမ်းပေါ်ရှိ တွံတေး-မအူပင်ဖြတ်လမ်း မိုင်တိုင်အမှတ် (၂၇/၄) နှင့် (၂၇/၅)အကြား မြစိမ်း သစ်သားတံတားနေရာ၌ ကွန်ကရစ်တံတားအစားထိုး တည်ဆောက်သွားမည့် အခြေအနေနှင့် ဇီးဖြူကုန်းတံတားအား ပြန်လည်ခိုင်ခံ့အောင်ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းစခန်း(မြဂိုး) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးသိန်းဆိုင်က တွံတေး-မအူပင်လမ်းပိုင်းမှ (၆/၇) မိုင်ကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဖွဲ့သုံးဖွဲ့ဖြင့်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်က ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက(၇/၀) မိုင်ကို အဖွဲ့(၄)ဖွဲ့ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထိုမှတစ်ဆင့် မလက်တို-မဲဇလီလမ်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးသိန်းဦးက မလက်တို-မဲဇလီလမ်း (၁၆/၃) မိုင်ကို လမ်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ကြိုတင်စုဆောင်း

ပြည်ထောင်စုဝန်ကြီးသည် မလက်တို-မဲဇလီလမ်းတစ်လျှောက် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလတွင် လမ်းခင်းကျောက်များ ကြိုတင် စုဆောင်းထားရန်နှင့် လမ်းပေါ်၌ ရေတင်နေမှုကို ဖောက်ထုတ်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း မြေတိုင်းသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက Advance Survey Training Course အပတ်စဉ်(၁) ကို ဇူလိုင် ၉ ရက်မှ ဩဂုတ် ၁၄ ရက်အထိ အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့)များတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသော ဝါရင့်(Survery Engineering)များက ခေတ်မီစက်ကိရိယာများဖြစ်သော Geodetic Total Station, Auto Level, Digital Theodolite, GPS စက်များဖြင့် မြေတိုင်းတာခြင်း၊ မြေတိုင်းစက်ကိရိယာများအားစစ်ဆေးခြင်း၊စက်ကိုင်တွယ်အသုံးပြုခြင်း၊ မြေတိုင်းတာမှု တွက်ချက်နည်းစနစ်များပြုလုပ်ခြင်း၊ တိုင်းတာရရှိပြီး Data များအား Computer အတွင်းသို့ ထည့်သွင်းခြင်းများကို စာတွေ့၊ လက်တွေ့ ကွင်းဆင်းကိုင်တွယ်အသုံးပြုနိုင်သည် အထိ တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ရုံးခန်း အခန်း(၃၀၃) မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၁၉၆၇၄ Ext- ၅၀၁၊ ၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ၀၉-၅၀၂၅၉၇၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**စိတ်ယဉ်ကျေးမှု ချမ်းသာရ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆:၄၅	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၅)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၃)
၈:၅၀	7 Diamonds Live Show (Part-2)
၉:၄၅	Cartoon Show Time (Animal United)
၁၀:၂၅	မန္တလာမြေမှ ရွှေမင်းသမီး
၁၀:၃၅	Celebrity Style (ဝိုင်းစုခိုင်သိန်း)
၁၀:၅၀	Activities in the City (အစားအစာနှင့် ဓာတုဗေဒ အင်ဂျင်နီယာများ၏ ဒုတိယမိခင်၊ ဖခင်များအားပူဇော်ပွဲ)
၁၁:၁၀	အပန်းဖြေကြည့်ရှုစရာဇာတ်ကား မိတ်ဆက်ကဏ္ဍမှာ **အဖြူရောင်နှလုံးသားတစ်ထောင့်မှာ** ဇာတ်ကား
၁၁:၂၅	ရန်ကုန်မြင်ကွင်းကျယ် [ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ(တွံတေးမိဘမဲ့ပရဟိတ)]
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	သင်ကြားရေးလမ်းညွှန် (NELC Mandalay)
၁၂:၂၅	ပတ္တမြားမြေတန်းမြင့်ကျောင်း၏ မြင့်မိုရ်မကဂါရဝ
၁၂:၄၅	တွံတေးမြို့ ၂၀၁၁ သဲပုံစေတီပွဲတော်
၁:၀၀	**စိတ်ယဉ်ကျေးမှုချမ်းသာရ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	ရင်သွေးငယ်များရဲ့ အနာဂတ်အတွက် စိတ်ချယုံကြည်ခိုင်မာစေသည့်… SDEC
၂:၄၀	Myanmar Golf Club ၏နှစ်ပတ်လည်အခမ်းအနား
၂:၅၀	Activities in the City (ပါမောက္ခဒေါက်တာမြသိန်းဟန် ရေးသားသည့် စာအုပ်သစ်များ မိတ်ဆက်ပွဲ)
၃:၀၀	ဖက်ရှင်ကျကျဒီဇိုင်းလှလှ
၃:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၅)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၃)
၄:၅၀	တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (အင်္ဂလိပ်စာ)(အပိုင်း-၁)
၅:၂၅	The Champion of Dance
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၆)
၇:၀၅	7 Diamonds Live Show (Part-3)
၈:၀၀	MRTV-4 သတင်း
၈:၃၀	အဆစ်ရောင်ခါးနာ (ပါမောက္ခဒေါက်တာချစ်စိုး)
၈:၄၀	Celebrity Choice (မေစပယ်ညို)
၉:၁၀	သီချင်းကောင်းကောင်း၊ သီချင်းတောင်း
၉:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၄)
၁၀:၃၀	World of Knowledge (Engineering Connection Millau Sky Bridge)
၁၁:၂၀	ရတနာရွှေသိုက်
၁၁:၂၅	တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (အင်္ဂလိပ်စာ)(အပိုင်း-၂)
၁၁:၄၅	**ဘီသိက်ပြိုင်** အကယ်ဒမီမိုးဒီ၊ဇော်ဝင်းနိုင်(မန်း) နှင့်သရုပ်ဆောင်များ (ဒါရိုက်တာ-ဉာဏတင်စိုး)
၁:၀၅	အနုပညာမိုးကောင်းကင်
၁:၂၅	ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကိုအလှဆင်မည်
၁:၄၅	Celebrity Profile(Jet Li)
၂:၁၅	ဒို့တိုင်းဌာနီဧရာဝတီ (ဥတိုပေါ်ဆန်းစပါး)
၂:၄၀	ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာဝိပဿနာ
၄:၃၅	ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၄:၄၅	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီးစေတီများ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အထက(၂) လှိုင်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိဘဆရာအသင်း ဖွဲ့စည်းခြင်းနှင့် မိဘများနှင့်တွေ့ဆုံခြင်း (ပထမအကြိမ်) အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည် အမှာစကားပြောကြားစဉ်။

(၁၂၂)

ဘဏ္ဍာရေးဆိုင်ရာ စာရင်းများပြုစုထိန်းသိမ်းခြင်းသင်တန်းဆင်းပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြော

နေပြည်တော် ဇူလိုင် ၄

ကရင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ဖွင့်လှစ်သည့် ဘဏ္ဍာရေးဆိုင်ရာ စာရင်းများပြုစုထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲကို ဇွန် ၂၄ရက်က ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၂၅ရက် နံနက် ၇နာရီက ဘားအံမြို့ ကန်သာယာ ကန်ပေါင်ဝန်းကျင်တစ်ဝိုက် မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေး ကန်ပေါင်ရိုးတစ်လျှောက် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

ပျိုးပင်များပေးအပ်

ဆက်လက်၍ ဘားကပ်-ကော့ဂွန်း-နှစ်ခြား-ရသေ့ပုံကျေးရွာသွား လမ်းဘေးဝဲယာတစ်လျှောက်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်သစ်တောဝန်ကြီးဌာန ဝန်ကြီးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများအား ပျိုးပင်များ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြပြီး စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း (၃/၂၀၁၁) သင်တန်းဖွင့်ပွဲကို ဇွန် ၁၃ ရက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးနေလင်း သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (၀၃၁)



အရန်မီးသတ်သင်တန်းဆင်းပွဲ ကျောက်ဖြူမြို့နယ်၌ ကျင်းပ

ကျောက်ဖြူ ဇူလိုင် ၄

ကျောက်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနကကျင်းပသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး သင်တန်းအမှတ်စဉ် (၅/၂၀၁၁) သင်တန်းဆင်းပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကျောက်ဖြူမြို့ ဧရာမင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်း၌ ဆုရရှိသည့် သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းသားများအားလုံး ကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အောင်လံမြို့၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်

အောင်လံ ဇူလိုင် ၄

အောင်လံမြို့နေ ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် အမှတ်(၁) မြို့မဈေးကြီး တောင်ဘက် (၉)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့်အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ခနော်ဖြူမြို့နယ် စံကင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လက်ထောက်တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးဌေးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများဖွင့်

ရန်ကုန် ဇူလိုင် ၄

အင်ဂျင်နီယာဆိုင်ရာ ဒီပလိုမာသင်တန်းများကို DUAL TECH သင်တန်းကျောင်းမှ ဖွင့်လှစ်လျက်ရှိရာ Air-Condition & Refrigeration, Electrical, Electronic, Mechanical, M & E, Civil (Construction) စသော Diploma သင်တန်းများထဲမှ မိမိဝါသနာပါရာ သင်တန်းများကို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ကြောင်း သိရှိရသည်။

ဆက်သွယ်စုံစမ်း

ထို့အပြင် လက်တွေ့အင်ဂျင်နီယာ သင်တန်းများဖြစ်သော အဲယားကွန်း၊ အီလက်ထရွန်နစ်၊ TV, DVD, EVD ပြုပြင်ခြင်း၊ လျှပ်စစ်ဝါယာရိန်း၊ မော်တာ၊ ထရန်စဖော်မာပြုပြင်ခြင်း၊ ဂဟေဆက်ခြင်းနှင့် တွင်ခုံသင်တန်း၊ ကားအင်ဂျင်နှင့် ဝါယာရိန်း၊ Electronic Projects သင်တန်းများ၊ Motor Controls, PIC, PLC,CNC, Engineering Civil နှင့် Air-Con Duct Design စသည့် သင်တန်းများကိုလည်း တက်ရောက်နိုင်ကာ သင်တန်းကာလမှာ နှစ်လမှ သုံးလအထိဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက DUAL TECH (အင်းစိန် Centre-1) ပြည်လမ်း မင်းဓမ္မလမ်းနှင့် စော်ဘွားကြီးကုန်း (အာလိန်ငါးဆင့်ဘုရားအနီး) အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၇၂၇၂၉၃၊ ၀၉-၇၃၀၆၉၆၈ နှင့် DUAL TECH (ရန်ကင်း Centre-2) တိုက် အမှတ် ၂၀၆/၂ ရန်ကင်းလမ်းမကြီး ၁၂ လုံးတန်းမှတ်တိုင် (ရိုးမဘဏ်အနီး) ရန်ကင်းမြို့နယ် ဖုန်း-၀၁-၈၅၅၀၅၉၆ နှင့် ၀၉-၇၃၀၂၀၈၀၃ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မောက်မယ်ထွေ/အုပ်ပညာသင်စရိတ်ထောက်ပံ့

မောက်မယ် ဇူလိုင် ၄

လင်းခေးခရိုင် မောက်မယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက်ပညာသင်စရိတ်နှင့် စာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ဝန်ထမ်းသားသမီး ၁၀ ဦးအတွက် ပညာသင်စရိတ်၊ စာအုပ်၊ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၄

သုတအလင်းရောင်စာကြည့်တိုက် ကဝမြို့နယ်၌ဖွင့်

ကဝမြို့နယ် အေးမွန်ကျေးရွာ သုတအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၆ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ညိုပြာ၊ ရပ်မိရပ်ဖဦးမင်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန်က စာကြည့်တိုက်အတွက် အလှူငွေကျပ် တစ်သိန်း၊ အေးမွန်၊ ရွှေညောင်ပင်၊ ကံမြင့်၊ ချမ်းသာကြီး၊ အောင်သာ(အမက)ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ် ၁၁၅ ဒါဇင်၊ ခဲတံ ၁၄ဘူး၊ ဘောလ်ပင် ၃၆ဘူး စုစုပေါင်းတန်ဖိုး ငွေကျပ်သုံးသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိုးသိမ်းက အလှူငွေကျပ် ၂၅၀၀၀၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အလှူငွေကျပ် ၅၀၀၀၀ ၊ ပန်းမျိုးတစ်ရာစာပေမှ ငွေကျပ်တစ်သိန်းတန်ဖိုးရှိစာအုပ်တို့ကို စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပညာရိပ်မြိုင်စာကြည့်တိုက် တောင်ငူ၌ဖွင့်

တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ ပညာရိပ်မြိုင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၈ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းယုအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်က ဘီလပ်မြေ ငါးအိတ်နှင့် အထပ်သား ၁၂ ချပ်ကိုလည်းကောင်း၊ ကျန်အလှူရှင်များက စာအုပ်စာစောင်များနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပရိဘောဂဝယ်ယူရန် ငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံယူသည်။ စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အုတ်ညှပ်၊ သွပ်မိုးနှင့် သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်ကြီးကျော်ဟန်(ငြိမ်း)၊ ဒု-ထွေဂျာ (ငြိမ်း)နှင့် ချစ်မေမေ ဒေါ်မိုမိုလွင်တို့၏ ၅-၇-၂၀၁၁ရက်တွင် ကျရောက်သော ပုလဲရတု ရက်မြတ်မင်္ဂလာမှသည် ရွှေရတုမင်္ဂလာ၊ စိန်ရတုမင်္ဂလာရက်မြတ်များသို့တိုင် ချစ်သားနှစ်ယောက်နှင့်အတူ ကျန်းမာ၊ ချမ်းသာစွာဖြင့် ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးတို့၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်-

ချစ်သားကြီး - မောင်အောင်သူဟန် (LL.B)
ချစ်သားငယ် - မောင်ဝေယံကျော်
First Year, (Phy:) Dagon University

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက် အမှတ်(၁၄၁/၄-B)၊ မြေဧရိယာ ၀.၁၁၁မ၂၃၆ဧကရှိ လ/န ၃(ခ)ရှိပြီး မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူနှစ်ဦးအနက် စွန့်လွှတ်စာချုပ်အမှတ် ၂၇၅၇/၂၀၀၉အရ ဦးမြင့်ဝေမှ ဒေါ်လှလှဝေအား အပြီးအပိုင်စွန့်လွှတ်ထားပါသည်။ အဆိုပါမြေကွက်ကို ဒေါ်လှလှဝေထံမှ အပိုင်ပေးစာချုပ်အမှတ် ၂၅၀၇/၂၀၀၉အရ လက်ခံရရှိထားသူ ဦးမြင့်ဇာလင်းအောင်မှ ဒေါ်မြင့်မြင့်သန်းအား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၂၇၄/၂၀၀၇ဖြင့် အပြီးအပိုင်လွှဲအပ်ထားပါသည်။ ယင်းမြေကွက်နှင့်အဆောက်အအုံကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်သန်း ၁၂/ကတတ(နိုင်)၀၀၈၀၀၉၂က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ(LL.B) **ဒေါ်လှလှခိုင်(LL.B)**
တရားရုံးလွှတ်တော်ရှေ့နေ (စဉ်-၄၃၇၃) တရားရုံးလွှတ်တော်ရှေ့နေ (စဉ်-၅၄၁၀)
အမှတ် ၉/၁၁၊ အခန်းအမှတ်(၂၀၁-A) ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၉၈)၊ လူနေရပ်ကွက် အမှတ်(ပဲမှီကုန်း)၊ မြေကွက်အမှတ်(၅၀/ခ-၅)၊ မြေဧရိယာ ၀.၁၁၁မ၂၇၁ဧကရှိ မြေပိုင်မြေ ၃(ခ)ရှိပြီးမြေကွက်မှ ၃၇ပေ× ၆၇ပေ၊ ၆၅ပေအကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးညွန့်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့်အရောင်းအဝယ်စာချုပ်အရ လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးမောင်မောင်မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ(LL.B) **ဒေါ်လှလှခိုင်(LL.B)**
တရားရုံးလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၃) တရားရုံးလွှတ်တော်ရှေ့နေ(စဉ်-၅၄၁၀)
အမှတ် ၉/၁၁၊ အခန်းအမှတ်(၂၀၁-A) ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရခိုင်သဟာယအသင်း(ရန်ကုန်) ရွှေရတုအထိမ်းအမှတ်ပွဲ ကျင်းပမည်

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲ အခမ်းအနားကို ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ခန်းမှာရုံ၌ ဇူလိုင် ၉ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ အမှုဆောင်ဟောင်းများ၊ အလှူရှင်များ၊ ပညာသင်ထောက်ပံ့ဆုရ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်အပ်ပါသည်။ ထို့အပြင် ရခိုင်ရိုးရာ အစားအသောက်၊ ဒေသထွက်ကုန်ရောင်းချပွဲနှင့် ပန်းချီ၊ ဓာတ်ပုံ၊ စာအုပ်စာတမ်းများ ပြသပွဲကို ဇူလိုင်၉ရက်နှင့် ၁၀ရက်များတွင် နံနက်၉နာရီမှ ညနေ ၅နာရီအထိ ရခိုင်ပြည်နယ်ခန်းမှာရုံ၌ပင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုဝယ်ယူအားပေးနိုင်ပါသည်။ **အမှုဆောင်အဖွဲ့**

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကူမဲမြို့၊ သပြေတောင်းအုပ်စု၊ မြင်းခြံကုန်းရွာနေ ဒေါ်သန်းနွဲ့ ၉/မသန(နိုင်)၀၅၂၇၂၃၏သမီး မအိအိဖြိုး ၉/မသန(နိုင်)၁၀၈၄၀၃သည် မိခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ကတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်သန်းနွဲ့

ကတ္တရာထပ်ပိုးလွှာခင်း

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် နေကျော်တန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇွန် ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

တရုတ်၌ မိုင်းတွင်းများရေလွှမ်း မိုင်းလုပ်သား ၄၀ ကျော် ပိတ်မိနေ

ပေကျင်း ဇူလိုင် ၄

တရုတ်နိုင်ငံ ကွမ်စီဒေသမှ မိုင်းတွင်းတစ်တွင်းနှင့် ကွီကျိုပြည်နယ်မှ မိုင်းတွင်း တစ်တွင်း ရေလွှမ်းမှုကြောင့် မိုင်းလုပ်သား ၄၀ ကျော်ပိတ်မိလျက်ရှိကြောင်း တရုတ်မီဒီယာများက ဇူလိုင် ၄ ရက်၌ ဖော်ပြသည်။

ကွမ်စီဒေသရှိ မိုင်းတွင်းမှာ ဓာတ်ငွေ့ပေါက်ကွဲမှုနှင့် ရေလွှမ်းမှုကြောင့် မိုင်းလုပ်သား သုံးဦးသေဆုံးခဲ့ပြီး အချို့ပိတ်မိလျက်ရှိသည်။ တစ်ဖန် ကွီကျိုပြည်နယ်မှ ပိုင်တောင်မိုင်းတွင်း၌လည်း ရေလွှမ်းမှုကြောင့် ပိတ်မိနေသောမိုင်းလုပ်သားများကို ကယ်ဆယ်ရန် ကြိုးစားလျက်ရှိသည်။ **(ဓါတ်ပုံ)** တရုတ်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါ မိုင်းတွင်းများတွင် ရေများ ထပ်မံမြင့်တက်လာနိုင်ကြောင်း ကယ်ဆယ်ရေးသမားများက ပြောကြားသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ ၁၅ ဦးပျောက်ဆုံး

မနီလာ ဇူလိုင် ၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၄ ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၁၅ ဦး ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်ရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။ (ယာပုံ)

မြေပြိုမှုများ ဖြစ်ပွားသည့်နေရာမှာ ဗာလန်စီရာမြို့တွင်ဖြစ်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုခဲ့ခြင်းဖြစ်ကြောင်း ဗာလန်စီရာမြို့ ရဲတပ်ဖွဲ့အကြီးအကဲက အေဘီအက်စ်-စီဘီအင်န် ရုပ်မြင်သံကြား သတင်းဌာနသို့ ပြောကြားသည်။

စိုးရိမ်ထိတ်လန့်

မြေကြီးများအောက်မှ လူခြောက်ဦး၏ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ရှာဖွေမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း၊ မြေပြိုမှုများကြောင့် ဒေသခံများ စိုးရိမ်ထိတ်လန့်ကာ လမ်းမပေါ်၌သာ သွားလာနေကြကြောင်း ၎င်းသတင်း၌ ဆက်လက်ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

မိုးမြင့်လင်းလက် - စုစည်းသည်

နိုင်ဂျီးရီးယား၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ၁၀ ဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

မိုင်ဒူဂူရီ ဇူလိုင် ၄

နိုင်ဂျီးရီးယားနိုင်ငံ မိုင်ဒူဂူရီမြို့ စားသောက်ဆိုင်တစ်ဆိုင်၌ ဇူလိုင် ၃ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ဂျီးရီးယား အရာရှိများက ဇူလိုင် ၄ ရက်၌ ပြောကြားသည်။

ဖြစ်ပွားမှုမှာ မိုင်ဒူဂူရီမြို့ ဝူလ်လာရီမန်မီဈေး၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်၌ ဇူလိုင် ၃ ရက် ညနေ ၅ နာရီ မိနစ် ၃၀ ခန့်က ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ၎င်းဈေးသည် မြို့လယ်တွင်ရှိပြီး လူစည်ကားရာ ဈေးလည်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး အဆိုပါနေရာအား လုံခြုံရေးတင်းကျပ်ကာ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟိုဆေး အန်တိုနီယို ရှူးဇ် ဘလန်ကို သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

သံအမတ်ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး မစ္စတာ ဟိုဆေး အန်တိုနီယို ရှူးဇ် ဘလန်ကို က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ် မိုးရေချိန်များ ၄-၇-၂၀၁၁

ခရမ်းမြို့	၄ ဒသမ ၈၉ လက်မ
ခန္တီးမြို့	၄ ဒသမ ၇၂ လက်မ
အမ်းမြို့	၄ ဒသမ ၃၂ လက်မ
ကလေးဝမြို့	၃ ဒသမ ၅၀ လက်မ
ဖောင်းတူမြို့	၂ ဒသမ ၃၆ လက်မ
သီပေါမြို့	၂ ဒသမ ၂၁ လက်မ
ကလေးမြို့	၂ ဒသမ ၂၁ လက်မ